# ရာဇဝင်ဆကာပုံရိပ်ပုံပြင်များ

ရွှေပဒေသာစာပေ



# ဒေါ်အုန်းကြည်သား

( ရှာဖွေစုဆောင်းတင်ပြသည် )

ရွှေပဒေသာစာအုပ်အမှတ်(၅၀)

# ပါဒနိုင်ငံတော် ရှင်မွေးလွန်း
# ကပြားငဇင်ကာနှင့် တောင်ငူဘုရင် နတ်ရှင်နောင်

## နေဝင်နိုင်ငံတော်ကြီး

တစ်ချိန်က ဖြစ်၏။

မြန်မာပြည်အထက်ပိုင်းတွင် အရိမဒ္ဒန (ပုဂံနိုင်ငံတော်)၊ မြန်မာပြည်အောက်ပိုင်းတွင် သီဟနန္ဒ (ပါဒနိုင်ငံတော်) ဟူ၍ ရှိခဲ့ဖူးလေ၏။

ပါဒနိုင်ငံတော်ကြီးကို မဟာသက္ကရာဇ် ၉၈ ‘ ခုနှစ်က တိဿဘောက သေနမင်းက စတင်တည်ထောင်ကာ ပါဒမင်းဆက် (၃၄) ဆက်ရှိပြီး သန်လျင်မင်းဆက် (၆) ဆက် ရှိခဲ့ဖူးလေ၏။

ပါဒနေပြည်တော်မင်းဆက်ပေါင်း (၃၄) ဆက်အနက်မင်း (၇) ဆက်သည် နိုင်ငံနှင့်လူမျိုး အမျိုး ဘာသာ သာသနာနှင့် တိုင်းပြည်ကြီး သာယာစေလို၍ တိုးတက်ကြောင်းများကို ဆောင်ရွက်ခဲ့ကြသလို ကျန်သောမင်းဆက် (၂၇) ဆက်တို့ သည် ကား သွေးရင်း ညီအစ်ကိုများ ၊ သားအဖများ ၊ တူနှင့်ဦးလေး၊ ဘကြီးများ တို့ သည် နန်းလုကာ တိုက်ခိုက်ခြင်းဖြင့်သာ အချိန်ကုန်ကြလေတော့၏။

ထို့ကြောင့် ပါဒမင်းတို့ သည် နန်းသက်ရှည်၍ အချို့မင်းများမှာလည်း (၇) ရက်ပင် နန်းသက်မရှည်ကျချေ။

ထို့ကြောင့် ပါဒနိုင်ငံတော်သည် သူတစ်လူ ငါတစ်မင်းဖြစ်ကြပြီး လျှင် မညီညွတ်၍ အစိတ်စိတ်ပြုကွဲကာ လွန်စွာမှ အင်အားကြီးမားသည့် ပါဒနိုင်ငံတော်ကြီးသည် လည်း နေဝင်နိုင်ငံတော်ကြီးဖြစ်ခဲ့ရလေတော့ ၏။

## စစ်တိုက်သောလူမျိုး

ပါဒနိုင်ငံတော် စတင်တည်ထောင်ကတည်းက ပါဒနိုင်ငံတော်ကို နယ်မြေလုသော လူမျိုးခြား တိုင်းတစ်ပါးသားများကို တိုက်ခိုက်ခဲ့ရ၏။

အောင်မြင်သောအခါ အထိမ်းအမှတ်အဖြစ် ဘုရားတည်ကြရသော ပြည်သာဖို့ အတွက် ဘုရားတည်ခြင်းဖြစ်လေ၏။

ပါဒနိုင်ငံသားတို့ သည် စစ်တိုက်ခြင်း၊ စစ်တိုက်၍ အောင်မြင်သော အခါ ဘုရားတည်ခြင်းတို့ နှင့်သာ လူ့ဘဝကြီးကို ဖြတ်သန်းကြရလေ၏။

## ပါဒနိုင်ငံတော်၏ နောက်ဆုံးမင်း

ဇေယျသေနမင်းသည် ပါဒနိုင်ငံတော်ကြီး၏ နောက်ဆုံးမင်း ဖြစ် လေ၏။

သက္ကရာဇ် ၁၂၇ ခုနှစ်တွင် နောင်တော်သီဟရာဇာမင်းကို နန်းချ လိုက်ပြီးနောက် ၎င်းက နန်းတက်ခဲ့လေ၏။

တွံတေး ကြံခတ်ဝါရုံမြို့မှ ကရင်အမျိုးသမီး "နောဖော့တလဲကို" ပါဒ

ရှင်ဘုရင် ဇေယျသေနမင်းက မိဖုရားမြှောက်ပြီး သုဝဏ္ဏာဒေဝီဘွဲ့ကို ပေးခဲ့လေ၏။

## မွေးလွန်းစံရာပေ

သုဝဏ္ဏာဒေဝီမိဖုရားသည် ပဋိသန္ဓေရှိ၍ ဆယ်လစေ့သော် မဖွားနိုင်၍ အနိစ္စရောက်ခဲ့လေ၏။

အလောင်းကို သုသာန်ထုတ်ကာ မီးသင်္ဂြိုဟ်သော်လည်း အသားများ မီးလောင်ကျွမ်းခဲ့၏။ သို့သော် သန္ဓေအိမ်မှာ လွန်စွာမှ ထူးဆန်းစွာဖြင့် မီးမလောင်ဘဲရှိနေသဖြင့် တံစူးဝါးထိုး၍ မီးရှို့ထားခဲ့ကြလေ၏။

ညအချိန်သို့ရောက်သည့်အခါ သမီးလေးဖွားမြင်သဖြင့် မီးပုံထက်၌ ပက်လက်ကလေး ဆော့ကစားလို့ နေရာ နံနက်မိုးလင်း၍ လူအများ မြင်တွေ့ကာ ပါဒရှင်ဘုရင်ဇေယျသေနမင်းအား လျှောက်တင်ကြလေ၏။

–သမီးတော်သည် သုသာန်တွင် မွေးဖွားသည့်အတွက် နေပြည်တော်သို့ မသွင်းရ—

ဟု ပါဒရှင်ဘုရင် ဇေယျသေနမင်းက မိန့်လိုက်ပြီးနောက် သမီးတော်အား "ရှင်းမွေးလွန်း" ဟူ၍ အမည်ပေး လိုက်လေ၏။

သမီးတော် ရှင်မွေးလွန်းကိုလည်း သန်လျင်မြို့အနောက်ဘက် သုသာန်ကုန်း၌ပင် တစ်ပင်တိုင်နန်း (၇) ထပ် ဆောက်လုပ်စေပြီး စစ်သည် ဗိုလ်ပါများ နှင့် အမတ် (၇) ယောက်ကို အစောင့်ထားကာ ...

–ရေလယ်ပတ်ဝန်း၊ သန်လျင်ကျွန်း

မွေးလွှန်းစံရာပေ—

ဟူ၍ ဖြစ်လေတော့၏။

## ပါဒနိုင်ငံတော်၏ နောက်ဆုံးနေ့များ

ပါဒနိုင်ငံတော် နောက်ဆုံးမင်းဆက် ဇေယျသေနမင်းသည် မြန်မာသက္ကရာဇ် ၁၇၂' ခုနှစ်၊ မင်းစံနန်းသက် ၄၅ ' နှစ် သက်တော် ၆၅ နှစ်တွင် နတ်ရွာစံလေတော့၏။

ပါဒနိုင်ငံတော် နောက်ဆုံးမင်းဆက် နတ်ရွာစံ ကံတော်ကုန်လေသောအခါ ထီးနန်းအမွေဆက်ခံမည့် နန်းလျာသားတော်များ မရှိ၊ သမီးတော်ရှိသော်လည်း သုသာန်တွင် မွေးဖွားသူဖြစ်သောကြောင့် နန်းမရချေ။

ထိုအချိန်မှ စ၍ ပါဒနိုင်ငံတော်နှင့် သန်လျင်တို့ တွင် နန်းဆက်ပြတ်လေတော့၏။

မောင်သနလျင် (စောလီလက်ရှိ) မင်းမှ သည် ဇေယျသေနမင်းအထိ သန်လျင်တွင် မင်းအပေါင်း ၆ ' ဆက် နန်းသက်ပေါင်း ၁၅၄ ' နှစ် ဖြစ်လေ၏။

ပါဒနိုင်ငံတော်နှင့် သန်လျင်ကို မုတ္တမမှ လည်းကောင်း၊ ဟံသာဝတီမှ လည်းကောင်း မြို့စောင့် မြို့စားများ ချထား၍ အုပ်ချုပ်ရလေတော့၏။

## ရခိုင်ပေါ်တူဂီကပြား

မြန်မာသက္ကရာဇ် ၈၉၂ ‘ ခုနှစ်တွင် ရခိုင်ဘုရင်မင်းပါကြီး နန်းတက်ခဲ့လေ၏။

ထိုအချိန်၌ အိန္ဒိယပြည် ဂိုအာနယ်မြေတွင် ကျူးကျော်ဝင်ရောက်ဗိုလ်ကျနေသော ပေါ်တူဂီလူမျိုး မျက်နှာဖြူကုလား ဒေလီဗဇာမင်းအား ရခိုင်ဘုရင်မင်းပါကြီးက စစ်ခင်းလေ၏။

ပေါ်တူဂီလူမျိုး မျက်နှာဖြူကုလား စစ်ရှုံးသည့်အခါ ထိုကုလားက ရခိုင်ဘုရင်အား အသက် (၁၇) နှစ်အရွယ်ရှိသမီးတော် ပဲသီဒါကို ဆက်သလိုက်ရလေတော့၏။

သက္ကရာဇ် ၈၉၃ ‘ ခုနှစ်တွင် ပေါ်တူဂီမင်းသမီး ပဲသီဒါမိဖုရားမှာ သားတော် ငဇင်ကာကို ဖွားမြင်ခဲ့လေ၏။

သားတော် ငဇင်ကာသည် ကား ရခိုင်ပေါ်တူဂီ ကပြားဖြစ်လေ၏။ ထိုငဇင်ကာသည် ကား မြန်မာရာဇဝင်သမိုင်းတွင် မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှုများကို ဖျက်ဆီးသူဟာ သမိုင်းတွင် ခဲ့သူဖြစ်လေ၏။

## လက်ကိုင်တုတ်

သက္ကရာဇ် ၉၆၀ ‘ ခုနှစ်တွင် တောင်ငူဘုရင် မဟာသီဟသူရနှင့် ရခိုင်ဘုရင် မင်းရာဇာတို့ ပူးပေါင်းကာ ဟံသာဝတီ နန္ဒရှင်ဘုရင်ကို စစ်

တိုက်ကြလေတော့၏။

ဟံသာဝတီမင်းကျဆုံးသောအခါ ရခိုင်ဘုရင် ဘကြီးတော်မင်းကြီး၏ သားတော် ကပြားဇေင်ကာကို သန်လျင်တွင် သင်္ဘော ၃ ' စင်း၊ ကတ္တူလွန်းကြင် ၁၀၀ ကျော်နှင့် လူ တစ်ထောင်ကျော်နှင့်အတူ မြို့စောင့် ရာထူးကို ပေး လိုက်လေ၏။

ဇေင်ကာသည် မုတ္တမဘုရင် ဗညားဒလ၏ သားတော် ဘုရားနွယ်နှင့် မိမိ၏ သမီးကို ထိမ်းမြားပေး၍ မဟာမိတ်ပြုခဲ့ရပြန်၏။

ဇေင်ကာသည် ပေါ်တူဂီဘုရင်ခံဂိုအားထံသို့ လက်ဆောင်ပစ္စည်း ဆက်သရာ ပေါ်တူဂီဘုရင်ကလည်း ဇေင်ကာအား စစ်သင်္ဘောနှင့် စစ်လက်နက်အစုံ ပြန်လည်ပေးအပ်လေ၏။

ထိုအချိန်၌ ပေါ်တူဂီလူမျိုးတို့ သည် အရှေ့ဘက်နိုင်ငံများကို နယ်ချဲ့ကျူးကျော်လျက်ရှိ၏။ ပေါ်တူဂီဘုရင်ကလည်း ဇေင်ကာအား လက်ကိုင်တုတ်လုပ်ကာ မြန်မာပြည်အောက်ပိုင်းကို သိမ်းပိုက်ရန် ကြံစည်လေတော့၏။

## ကျွန်းပါးဝ

ဇေင်ကာဆိုသူသည် သခင်အားရအောင် ကျွန်ပါးဝပြီးလျှင် သင်္ဘောဆိပ်တွင် ကုန်သည် တို့ ကို အကောက်ခွန်လွတ်ပေး၍ ၎င်းတို့ သိမ်းသွင်းကာ သန်လျင်မြို့ကို မြို့ပြကျုံးမြောင်း အသစ်တည်ကာ ခိုင်မာအောင်နေလေတော့၏။

ရခိုင်ကိုလည်းကောင်း၊ မြန်မာကိုလည်းကောင်း လက်ဆောင်ပဏ္ဏာ

ဆက်သခြင်းကို လုံးဝမဆက်သတော့ဘဲ ဇေင်ကာက ၎င်းတို့ အား ပေါ်တူဂီဘုရင်အားကိုးနှင့် ပုန်ကန်ထကြွလေတော့၏။

## ငါရှင်ဘုရင် ဘာထင်လဲ

သန်လျင်တွင် ဇေင်ကာကြီးစိုးနေသဖြင့် မြန်မာမင်းသီဟသူရနှင့် ရခိုင်ဘုရင်၏ သားတော် မင်းခလောင်းတို့ ပူးပေါင်းပြီး ဇေင်ကာကို စစ်တိုက်ကြလေ၏။

သို့သော် ဇေင်ကာကို နိုင်အောင် စစ်မတိုက်နိုင်ကြချေ။ ဇေင်ကာသည် ပေါ်တူဂီဘုရင်က ပေးထားသော ခေတ်မီ စစ်လက်နက်များကြောင့် မြန်မာ ' ရခိုင်တို့ စစ်ရှုံးကြရလေ၏။

ရခိုင် ' ဘုရင်၏ သားတော် အိမ်ရှေ့မင်းသားမင်းခမောင်းအား ဇေင်ကာ ဖမ်းဆီးမိကာ ၎င်းအား တည်ကြက်လုပ်ပြီးလျှင် '

–ဟေ့ … ငါနေတဲ့ သန်လျင်ကို စစ်မခင်းပါဘူးလို့ ကတိပေး၊ ကတိမပေးရင် ဒီမှာ တွေ့လား၊ ရခိုင် အိမ်ရှေ့မင်းသားကို သတ်လိုက်မယ် …၊

ငါနေတဲ့ သန်လျင်ကို မတိုက်တော့ပါဘူး၊ စစ်မခင်းတော့ပါဘူးဆိုရင် မင်းတို့ ရခိုင်အိမ်ရှေ့မင်းသားကို ပြန်လွှတ်ပေးမယ်—

ဟု ဇေင်ကာက အပေးအယူလုပ်လေ၏။ ထိုအခါ ရခိုင်တိုက ရခိုင်အိမ်ရှေ့မင်းသား မင်းခမောင်းအား ဇေင်ကာလက်တွင်းမှ ရွေးနုတ်ယူကာ အညှံ့ခံလိုက်ရလေတော့၏။

ထိုအချိန်မှ စ၍ ဇေင်ကာသည် …

–ငါဘုရင် ဘာထင်လဲ–

ဟု ဆိုကာ သန်လျင်နှင့် ဟံသာဝတီနယ်တွင် ဘုရင်တစ်ဆူဖြစ်လာခဲ့ပြီးလျှင် ပေါ်တူဂီအစိုးရကလည်း ပိုင်ပြီဟု ထင်ကာ ဟံသာဝတီသန်လျင်ရှင်ဘုရင် ဇေင်ဘာထံသို့ စစ်သင်္ဘောကြီးများ ၊ ခေတ်မီအမြောက်လက်နက်ကြီးများကို ဆက်သကြလေတော့၏။

## အင်အားဖြည့်

–ငါဘုရင် ဘာထင်သလဲ–

ဆိုသော ဇေင်ကာသည် ပါဒ၊ သန်လျင်၊ ကျောက်တန်း၊ ဟံသာဝတီနယ်ရှိ ဘုရားပုထိုးစေတီ ရုပ်ပွားတော်များကို ၎င်း၏ နောက်လိုက်များကဖျက်ဆီးကြလေတော့၏။

စေတီ ဌာပနာများကို ဖောက်၏။ ရှေးပါဒဘုရင်များ အမြတ်တနိုးကိုးကွယ်တည်ဆောက်ခဲ့သော ဘုရားစေတီများမှ ဂဝံကျောက်၊ အုတ်တို့ကို တူးဖော်၍ ပေါ်တူဂီနိုင်ငံတွင် လမ်းခင်းရန်အတွက် သင်္ဘောတို့ သယ်ယူပို့ဆောင်ခဲ့လေ၏။

ရွှေငွေကျောက်သံပတ္တမြားတို့ ကိုလည်း တူးဖော်ယူကာ ခေါင်းလောင်းတော်ကြီးများကို အမြောက်သွန်းလုပ်ရန်အတွက် ယူကာ ပေါ်တူဂီအစိုးရထံသို့ ပို့၍ စစ်သင်္ဘောနှင့် စစ်လက်နက်တို့ နှင့် လဲလှယ်၍ အင်အားဖြည့်လေ၏။

## မချိတင်ကဲ

ဇင်ကာဆိုသူသည် သန်လျင်၊ ပါဒမြို့ဟောင်းတွင် နေထိုင်ကြသည့် ရှမ်း၊ ကရင်၊ မွန်၊ မြန်မာတို့ ကို ဖိနှိပ်ခဲ့၏။

ထို့ကြောင့် အချို့မှာ မူ မြန်မာဘုရင်အုပ်ချုပ်သည့် နယ်မြေများ သို့ ထွက်ပြေးကြရကုန်၏။

ရှေးပါဒနိုင်ငံတော် မင်းအဆက်ဆက်တည်ထား ကိုးကွယ်ခဲ့သော စေတီ၊ ဘုရား၊ ယဉ်ကျေးမှုအားလုံးတို့ သည် ဇင်ကာ၏ ဖျက်ဆီးမှုကြောင့် ပြုတ်ပြုတ်ပြုန်းခဲ့ရပြီး မွန်၊ မြန်မာလည်း အာဏာမဲ့၍ မချိတင်ကဲ ဖြစ်လို့ နေရရှာလေတော့၏။

## နတ်ရှင်နောင်

၁၅၉၉ ' ခုနှစ်တွင် တောင်ငူမင်းသည် ရခိုင်မင်း မင်းရာဇာကြီးနှင့် ပူးပေါင်းကာ ဟံသာဝတီကို တိုက်လေ၏။

ထိုသို့တိုက်ကြရာ ဟံသာဝတီ ပျက်စီးသွားပြီးလျှင် ဘုရင့်နောင်၏ သားတော် နန္ဒဘုရင်အား တောင်ငူသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့လေ၏။

တောင်ငူသို့ရောက်သည့်အခါ တောင်ငူမင်း၏ သားတော် နတ်ရှင်နောင်က သတ်လိုက်သဖြင့် နန္ဒဘုရင် သေလေတော့၏။

ထို့နောက် ရခိုင်မင်း မင်းရာဇာကြီးမှာ မူ ဟံသာဝတီ၊ ပဲခူးမြို့ရှိ အဖိုး

တန်ပစ္စည်းများကိုလည်းကောင်း၊ ကြေးအမြောက်အမြားကိုလည်းကောင်း၊ ယိုးဒယားကြေးရုပ် စသည် တို့ ကိုလည်းကောင်း၊ တောင်ငူမင်းသည် သီဟိုဠ်စွယ်တော်နှင့် ကျောက်သပိတ်တော်တို့ ကို လည်းကောင်း အသီးသီးယူကြပြီးလျှင် ၁၆၀၀ ပြည့်နှစ်တွင် ဟံသာဝတီပဲခူးကို မီးရှို့ဖျက်ဆီးလိုက်လေ၏။

ထို့ကြောင့် ဘုရင့်နောင်၏ ဒုတိယမြန်မာနိုင်ငံတော်ကြီးမှာ လည်း ပျက်စီးသွားရလေတော့၏။

## ဇာတ်သိမ်းမလှ အသေဆိုးနှင့်သေရ

၁၆၁၂ ' ခုနှစ်က ကပြားငဇင်ကာဆိုသူသည် မုတ္တမစားနှင့် ပူးပေါင်းပြီး တောင်ငူကို တိုက်လေ၏။

ထိုသို့ တိုက်ခိုက်သည့်အခါ တောင်ငူပျက်၍ တောင်ငူဘုရင် နတ်ရှင်နောင်နှင့်တကွ သုံ့ပန်းများ စွာကို သန်လျင်သို့ ခေါ်ဆောင်လာခဲ့ပြီးလျှင် တောင်ငူဘုရင် နတ်ရှင်နောင်သည် သန်လျင်ငဇင်ကာနှင့် ပူးပေါင်းကာ ထင်တိုင်းကျဲကြလေတော့၏။

အောက်မြန်မာပြည် သန်လျင်၊ ဟံသာဝတီ၊ ပါဒ၊ ကျောက်တန်းတွင် လွန်စွာမှ ငဇင်ကာ လောဘဇောတွေနှင့် သောင်းကျန်းနေကြောင်းကို အနောက်ဘက်လွန်မင်းတရားကြီး ကြားသိတော်မူလေသောအခါ ...

–တောက် ... ရာဇဝင်ရိုင်းလိုက်တဲ့ ငဇင်ကာ ကပြား–

ဟု ဆိုကာ အမျက်တော်ထွက်ကာ သက္ကရာဇ် ၉၈၁ ' ခုနှစ်တွင် အနောက်လွန်မင်းတရားကြီးသည် စစ်သည် ဗိုလ်ပါလေးသိန်းနှင့်ချီတက်

၍ သန်လျင်ကို သိမ်းလေ၏။

ထို့နောက် ငဇင်ကာအား ဖမ်းလေ၏။ ထိုသို့ ဖမ်းဆီးပြီးနောက် သန်လျင်မြို့လယ်ကောင်တွင် သံတံကျင်လျှို၍ ကွပ်မျက် လိုက်လေရာ ငဇင်ကာနှင့်အတူ တောင်ငူဘုရင် နတ်ရှင်နောင်မှာ လည်း ကွပ်မျက်ခြင်းခံလိုက်ရလေတော့သတည်း။

**ကျမ်းကိုး**

ပြည်တော်သာ ဦးထွန်းရီ၏ ပါဒနိုင်ငံတော်၊ ၁၉၅၆ ခုနှစ်။

***